**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ ပြင်သစ်အထက်လွှတ်တော် နိုင်ငံခြားရေးရာ၏ ကာကွယ်ရေးနှင့် လက်နက်ကိုင်အင်အားစုများ ကော်မတီထံသို့ ပန်ကြားလွှာ။**

MOIC-MO-A/00055

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာသည် ပြင်သစ်အထက်လွှတ်တော်၏ နိုင်ငံခြားရေးရာ ကာကွယ်ရေးနှင့်လက်နက်ကိုင်အင်အားစုများကော်မတီထံသို့ မိန့်ခွန်းပြောကြားခဲ့သည်။

**၂၀၂၂ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့**

**မင်္ဂလာပါ။**

သဘာပတိကြီးခင်ဗျာ ယခုလိုကျွန်တော့်ကို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လေးစားအပ်ပါသော ပြင်သစ်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၏ ကာကွယ်ရေးနှင့် လက်နက်ကိုင်အင်အားစုများခင်ဗျာ၊ မြန်မာပြည်သူလူထုကို ကိုယ်စားပြုနိုင်ရန်အတွက် ကျွန်ုပ်အား ယခုကဲ့သို့ ပြင်သစ်လွှတ်တော်အမတ်များ ရှေ့မှောက်၌ စကားပြောခွင့်ပေးသည့်အတွက် မြန်မာပြည်သူလူထုကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ပြင်သစ်အစိုးရ၊ ပြင်သစ်ပြည်သူလူထုများနှင့် လွှတ်တော်အမတ်များအနေဖြင့် မြန်မာပြည်သူလူထုအား လူမျိုး၊ ကျား/ မ၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ နောက်ခံ အကြောင်းတရားနှင့် ကိုးကွယ်သည့်ဘာသာ ခွဲခြားမှုမရှိဘဲ မြန်မာပြည်သူပြည်သားများ အားလုံးပါဝင်သည့် လွတ်လပ်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ထောင်နိုင်ရေးအတွက် အခိုင်အမာထောက်ခံအားပေးမှုများအား ကျေးဇူးတင်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) နှင့် ရဲရင့်သောမြန်မာပြည်သူပြည်သားများအနေဖြင့် ပြင်သစ်နိုင်ငံရှိပြည်သူလူထုများ၊ လွှတ်တော်အမတ်များနှင့် ပြင်သစ်အစိုးရတို့၏ ကူညီပံ့ပိုးပေးခြင်း၊ မြန်မာ့သမိုင်းတလျှောက် အမှောင်မိုက်ဆုံးအချိန်တွင် ကျွန်ုပ်တို့နှင့် အတူရပ်တည်ပေးသည့်အတွက် အင်မတန်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂ နှင့် G7 တွင် မြန်မာ ပြည်သူလူထုကိုယ်စား ခေါင်းဆောင်မှုကဏ္ဍများတွင် တာဝန်ယူခြင်းအတွက် ကျေးဇူးတင်ပါသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)တို့အား မြန်မာပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသော အရေးကြီးသည့်အသံများအဖြစ် အသိအမှတ် ပြုပေးခြင်းအပြင် မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သော စစ်ကောင်စီထံသို့ စစ်လက်နက်များရောင်းချမှုပိတ်ဆို့ထားသည့် နိုင်ငံများနှင့်အတူ လက်တွဲ ပူးပေါင်းပါဝင်ပေးသည့်အတွက်လည်း ကျေးဇူးတင်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ ပြင်သစ်အထက်လွှတ်တော် နိုင်ငံခြားရေးရာ၏ ကာကွယ်ရေးနှင့် လက်နက်ကိုင်အင်အားစုများ ကော်မတီထံသို့ ပန်ကြားလွှာ။

ကျွန်ုပ်တို့တိုင်းပြည် ကံကြမ္မာနှင့် အနာဂတ်သည် ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူလူထုများ၏ လက်ထဲတွင် ရှိပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ပြင်သစ်သမ္မတနိုင်ငံရှိ ပြည်သူများ၊ ပါလီမန်အမတ်များ၊ ပြင်သစ်အစိုးရနှင့် ၎င်း၏အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့အစည်းများ၏ ခိုင်မာသော စဉ်ဆက်မပျက် ထောက်ခံအားပေးမှုလိုအပ်သည်။ မိတ်ဆွေများ၏ အသိအမှတ်ပြုမှုသည် မြန်မာပြည်တွင် လူသားမျိုးနွယ် အပေါ်ကျူးလွန်သည့်ပြစ်မှုများအား ရပ်တန့်ရန်အတွက်သော်လည်းကောင်း၊ အပြစ်မဲ့သည့် မြန်မာပြည်သူ များအပေါ် မြန်မာစစ်ဗိုလ်ချုပ်များ၏အကြမ်းဖက်မှုများကို ရပ်တန့်ရန်အတွက် သော်လည်းကောင်း အရေးပါ ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများရှိ ကာကွယ်ရေးနှင့်လက်နက်ကိုင် တပ်ဖွဲ့များ၏တာဝန်မှာ ၎င်းတို့၏ ပြည်သူလူထု၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက် ပေးရန်ဖြစ်သော်လည်း မြန်မာနိုင်ငံ၌ကား ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ၎င်းတို့သည် စစ်မြေပြင်သုံး စစ်လက်နက်များဖြင့် မြန်မာနိုင်ငံတဝှမ်းရှိ အပြစ်မဲ့ အရပ်သားပြည်သူများ၏နေအိမ်များ၊ ကျေးရွာများ၊ မြို့ငယ်များ၊ မြို့ကြီးများကို ဖျက်ဆီးခြင်း၊ အပြစ်မဲ့ အရပ်သားမြန်မာပြည်သူများကို သတ်ဖြတ်ခြင်းဖြင့် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်များကို ဖျက်ဆီးလျက်ရှိနေပါသည်။

အကြမ်းဖက် လက်နက်ကိုင်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် ၎င်း၏အာဏာသိမ်းစစ်ကောင်စီ၏ လက်အောက်၌ မြန်မာနိုင်ငံတွင် Covid-19 ရောဂါသည် ထိန်းချုပ်မရတော့ပဲ လျင်မြန်စွာ ကူးစက်မှု နှုန်းမြင့်တက်နေခြင်းနှင့် မြန်မာနိုင်ငံသည်လည်း လျင်မြန်စွာ ပျက်စီးကျရှုံးသောနိုင်ငံအဖြစ်သို့ရောက်လာပြီး ကျန်းမာရေး ဝန်ဆောင်မှုများ၊ ပညာရေး ဝန်ဆောင်မှုများနှင့် အခြားအခြေခံဝန်ဆောင်မှုများအပါအဝင် တိုင်းပြည်၏ စီးပွားရေးသည် လျင်မြန်စွာ ကျဆင်းနေပါသည်။ စားနပ်ရိက္ခာမဖူလုံမှု သိသိသာသာ မြင့်တက် လာခြင်း၊ အကြမ်းဖက်မှုနှင့် သတ်ဖြတ်မှုများ နေ့ရောညပါဆက်လက်ဖြစ်ပွားလျက်ရှိပြီး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပါသည်။ မြန်မာပြည်သူ ၅၄ သန်းရင်ဆိုင်နေရသော ဖိနှိပ်ချုပ်ချယ်ပြီး ရက်စက်ကြမ်းကြုတ်သည့် စစ်အာဏာရှင်သည် လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ပုံမှန်ကျူးလွန်လျက်ရှိသည်။ ယခုအချိန်ကာလသည် မြန်မာ့သမိုင်းတွင် အမှောင်မိုက်ဆုံးသောကာလဖြစ်သည်။ ကျွန်ုပ်တို့သည် စနစ်တကျနှင့် ကျယ်ကျယ် ပြန့်ပြန့်တိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းနှင့်ဖျက်ဆီးခြင်း အမှောင်ထုကို ရင်ဆိုင်နေရပါသည်။

ကျရှုံးနေသည့်အာဏာသိမ်းမှုစတင်သည့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်များက ကလေးသူငယ် (၇၂)ဦးအပါအဝင် လူပေါင်း (၉၁၅)ဦးအား သတ်ဖြတ်ခဲ့သည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်များဖြစ်ကြသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပါအဝင် အပြစ်မဲ့သည့်မြန်မာပြည်သူ (၆၂၀၀)ကျော် ဖမ်းဆီးခံကြရပြီး၊ လူပေါင်း (၂၀၀၀) ကျော်တို့သည် ဖမ်းဝရမ်းထုတ်ခံထားရသည်။ အားလုံးသောစွဲချက်များသည် အလိမ်အညာစွဲချက်များဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် လားလားမျှမသက်ဆိုင်ပါ။ အားလုံးသောပြုလုပ်မှု တို့သည် ကျွန်ုပ်တို့၏ လွတ်လပ်မှု၊ ဒီမိုကရေစီပျက်သုဉ်းရေးနှင့် စစ်အာဏာရှင်သက်ဆိုးရှည်ရေးအတွက် အချိန်ဆွဲမှု သက်သက်သာဖြစ်ပါသည်။

၂၀၂၁ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့တွင်၊ စစ်အာဏာရှင်သည် ကင်းမကျေးရွာတွင် အိမ်ခြေပေါင်း (၂၅၀) မီးရှို့ခြင်း၊ အိမ်များတွင်ပိတ်မိနေသော သက်ကြီးရွယ်အိုများ အသက်သေဆုံးစေခြင်းဖြင့် လူသားမျိုးနွယ်

အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။ ဤသည်မှာ ပထမဆုံးအကြိမ် မဟုတ်ပါလေ။ မြန်မာစစ်တပ်သည် ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နှမများဖြစ်သည့် ရိုဟင်ဂျာလူများအပေါ်၊ ကရင်၊ကချင်၊ ကယား၊ ရှမ်း၊ မွန်၊ ရခိုင်၊ ချင်း စသည့် မြန်မာပြည်ရှိ လူဦးရေ၏ ၄၀ ရာခိုင်နှုန်း ရှိသော လူများအပေါ် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ လူမျိုးစုရှင်းလင်းမှုများ ကျူးလွန်မှုအတွက် အပြစ်ရှိသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် ရိုဟင်ဂျာ ညီအစ်ကို မောင်နှမများ အတွက်တရားမျှတမှုရှာဖွေပေးရန်၊ စစ်ဗိုလ်ချုပ်များအနေဖြင့် ၎င်းတို့၏ မြန်မာပြည်သူများအပေါ် ကျူးလွန်သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် တာဝန်ယူရန်နှင့် ၎င်းတို့အနေဖြင့် အလားတူ ပြစ်မှုများနောက်နောင်ကျူးလွန်မှုမရှိစေရန် ကျွန်ုပ်တို့၏ မူဝါဒ၊လမ်းစဉ်များအား အတိအလင်း ချမှတ်ထားပါသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)အဆိုအရ အပြစ်မဲ့သည့် လူပေါင်း (၁.၂)သန်းသည် စစ်တပ်၏ အကြမ်းဖက်မှုများကြောင့် မိမိတို့၏နေရပ်များကို စွန့်ခွာကာထွက်ပြေးနေရသည်။ ကုလမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ မြန်မာနိုင်ငံ၏လူဦးရေထက်ဝက်ခန့် (ခန့်မှန်းချေ ၂၇သန်း) သည် တစ်နှစ်အတွင်း ဆင်းရဲမွဲတေမှုကို ခံစားရမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ အဆိုအရ လူပေါင်း (၆.၄ သန်း) ကျော်တို့သည် ၂၀၂၁ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆာလောင်မွတ်သိပ်မှုခံစားရမည် ဟုဆိုသည်။ ကျွန်ုပ်တို့အနေဖြင့် အာဏာရူးသည့် စစ်အာဏာရှင်ကြောင့် မြန်မာပြည်သူ (၁.၂)သန်း မိမိတို့၏ နေရပ်စွန့်ခွါထွက်ပေးရမှုအားသာမန်ကိစ္စအဖြင့် ပုံဖော်ရန်ခွင့်မပြုနိုင်ပါ။ ကျွန်ုပ်တို့အနေဖြင့် မြန်မာပြည်တွင် စစ်ဗိုလ်ချုပ်များ၏ လောဘကြောင့် လူပေါင်း (၆.၄)သန်းကျော်တို့သည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆာလောင်မွတ်သိပ်မှုခံစားစေရန် နှင့် လူပေါင်း၂၇သန်း သည် တစ်နှစ်အတွင်း ဆင်းရဲမွဲတေမှုကိုခံစားရန် မည်သည့်အကြောင်းကြောင့်မျှ ခွင့်မပြုနိုင်ပါ။

ရက်စက်သည့် စစ်အာဏာရှင်တပ်သားများသည် မြန်မာပြည်တဝှမ်းရှိ အရပ်သားပြည်သူတို့၏ အိမ်များ၊ ပစ္စည်းများ၊ ကျေးရွာများ၊ မြို့ငယ်များ၊ မြို့ကြီးများအား စစ်မြေပြင်သုံးလက်နက်များအသုံးပြု၍ တိုက်ခိုက်နေပါသည်။ ၎င်းတို့သည် ဘုရားရှိခိုးကျောင်းများ၊ အများပြည်သူစုဝေးရာနေရာများ၊ ဆေးရုံများအား စစ်တန်းလျားများအဖြစ်နှင့် ရိက္ခာသိုလှောင်ရန် အသုံးပြုနေကြပြီး၊ ကျောင်းသုံးစာအုပ်များ နှင့် ခဲတံများကို ကြောက်ရွံ့မှုဖြင့်လည်းကောင်း၊ အကြမ်းဖက်မှုဖြင့်လည်းကောင်း၊ သေနတ်များနှင့်ကျည်ဆံများဖြင့်လည်းကောင်း၊ ကျမ်းစာအုပ်များ၊ ဓမ္မသီချင်းစာအုပ်များနေရာတွင် ဖိနှိပ်မှုများ၊ စက်သေနတ်များ၊ ဗုံးများဖြင့်လည်းကောင်း၊ လူ့အသက်ကယ်သည့်နေရာတွင်သုံးသည့် ပစ္စည်းများနေရာတွင် သတ်ဖြတ်သည့်၊ သေစေနိုင်သည့် လက်နက်များဖြင့် အစားထိုးနေကြပါသည်။

အာဏာရှင်၏တပ်သားများမှ စာသင်ခန်းများ၌ဝင်ရောက်တပ်စွဲသည်မှာ သာမန်ကိစ္စမဟုတ်ပါ၊ ကျောင်းသားကျောင်းသူများ အသက်လုထွက်ပြေးနေရသည်မှာ သာမန်ကိစ္စမဟုတ်ပါ၊ ဘုရားဝတ်ပြုရာနေရာများ၊ အများပြည်သူ စုဝေးရာနေရာများအား တပ်သားများဝင်ရောက်တပ်စွဲသည်မှာ သာမန်ကိစ္စမဟုတ်ပါလေ။ ကျွန်ုပ်တို့၏ ဆေးရုံများ၊ ကောလိပ်ကျောင်းများ၊ တက္ကသိုလ်ကျောင်းများ၊ ဘဏ်များနှင့် စီးပွားရေးလုပ်ငန်းများသည် စစ်အာဏာရှင်ကြောင့် ကျဆင်းနေရသည်မှာ သာမန်ကိစ္စမဟုတ်ပါ။ ကျွန်ုပ်တို့၏ ဆရာ/ဆရာမများ၊ ကျူတာများ၊ ပရောဖက်ဆာများ၊ ဒေါက်တာများ၊ သူနာပြုများ၊ သားဖွားမီးယပ်ဆရာမများ၊

အင်ဂျင်နီယာများ၊ ဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ နှင့် နိုင်ငံ့ဝန်ထမ်းများသည် စစ်အာဏာရှင်မှ မြန်မာပြည်သူများအပေါ် အကြမ်းဖက်ဆောင်ရွက်မှုအားလုံးထက် အင်အားကြီးသည့်အကြမ်းမဖက် လှုပ်ရှားမှု(CDM) ဆောင်ရွက်သည့်အတွက် ထွက်ပြေးနေရသည်မှာလည်း သာမန်ကိစ္စမဟုတ်ပါ။

ကင်းမရှာ၊ ပဲခူး၊ ရွှေဘို၊ ဒီမောဆို၊ မင်းတပ်၊ မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်ရှိ အခြားဒေသများတွင် စစ်အာဏာရှင်တပ်သားများမှ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ ကျူးလွန်မှုတို့အတွက် ခိုင်မာသည့် သက်သေခံအထောက်အထားများရှိပါသည်။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ မှစ၍ ကျွန်ုပ်တို့အနေဖြင့် အီးမေးလ်ပေါင်း ၄၀၀၀၀၀ကျော် လက်ခံရရှိခဲ့ပါသည်။ ယင်းထဲမှ အီးမေးလ် ၁၅၁၀၀၀တွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများအတွက် သက်သေများပါဝင်သည်၊ ဗီဒီယို ၃၁၀၀၀၀နှင့် ဓာတ်ပုံများသည် စစ်တပ်၏ အကြမ်းဖက်ကျူးလွန်ထားသည့် သက်သေအထောက်အထားများဖြစ်ပါသည်။ လူ့အခွင့်အရေးရှေ့နေများမှ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ ၂၈၀၀၅ အတွက် အမှုပေါင်း ၄၂၇ ကိုဖွင့်လှစ်ဆောင်ရွက်ထားပါသည်။ အမှုတစ်ခုစီတိုင်းအတွက် ပုဂ္ဂလိကနှင့် အများပြည်သူအရင်းအမြစ်များမှ သုတေသနများ၊ အတည်ပြုစစ်ဆေးမှုများ လေးလေးနက်နက်ဆောင်ရွက်လျက်ရှိပြီး ရရှိလာမည့် သက်သေအထောက်အထားများ အပေါ်အခြေခံ၍ ICJ နှင့် ICC နိုင်ငံတကာ တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရား မှတဆင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အမှုအသီးသီးတွင် အိုင်ဒီနံပတ်၊ ရက်စွဲ၊ တည်နေရာ၊ အမှုအမျိုးအစား၊ ကျူးလွန်သည့်ပုံစံ၊ အမှု၏ အရင်းမြစ်နှင့် အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။ ရက်စက်သည့် စစ်ရာဇဝတ်သားများမှ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများအတွက် အွန်လိုင်းပြတိုက်ပြုလုပ်ပြီး ကမ္ဘာသို့ချပြမည်ဖြစ်သည်။ နောက်နောင်အနာဂတ်တွင် မြန်မာ့မြေပေါ်၌ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးစုရှင်းလင်းမှုများ၊ လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်ပေါ်လာနိုင်ရန်အတွက် အချိန်ကျလာလျှင် မြန်မာပြည်တွင်း၌လည်း တကယ့်ပြတိုက်ကြီးတည်ဆောက်ပြီး ပြသထားမည် ဖြစ်ပါသည်။

ဤကဲ့သို့သောမြန်မာစစ်တပ်၏ အကြမ်းဖက်လုပ်ရပ်များသည် တိုင်းနိုင်ငံတခုလုံး သွေးမြေခရသည်အဖြစ်၊ ပြည်တွင်းစစ်ကြီးအဖြစ် နှင့် အခြားသော လူမျိုးတုန်းသတ်ဖြတ်မှုကို ဦးတည်လာနေပါသည်။ နိုင်ငံလုံးကျွတ် ဆန္ဒပြမှုများ၊ Boycotts လုပ်မှုများ၊ ဆန္ဒပြမှုများ၊ အကြမ်းမဖက်CDMလှုပ်ရှားမှုများကို စစ်အာဏာရှင် သည် ကျွန်ုပ်တို့ပိုင်ဆိုင်သည့် သဘာဝသယံဇာတများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ ရရှိသော ဝင်ငွေများ၊ ကျွန်ုပ်တို့၏ဝင်ငွေများအား ခိုးယူသည့်ငွေများဖြင့် တရုတ်နိုင်ငံ၊ ရုရှနိုင်ငံနှင့် အခြားနိုင်ငံများမှ လက်နက်ကြီးများကိုအသုံးပြု၍ တစ်နေ့ပြီးတစ်နေ့ အကြမ်းဖက်ဖြိုခွင်းလျက် ရှိနေပါသည်။ ထို့ကြောင့် စစ်မြေပြင်သုံးလက်နက်များဖြင့် နိုင်ငံအဝှမ်းတွင် အပြစ်မဲ့အရပ်သားပြည်သူများ၏ အိုးအိမ်များကိုဖျက်ဆီး၊ ရွာများ၊ မြို့ငယ်များ၊ မြို့ကြီးများကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် လူသတ်သမားများရန်မှ မြန်မာနိုင်ငံရှိလူများသည် မိမိကိုယ်ကိုယ်ကာကွယ်ခုခံရန်မှတပါး အခြားနည်းလမ်း မရှိတော့ပါ။ ဤအရပ်သားပြည်သူများသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ(PDFs)၊ အရပ်သားပြည်သူကာကွယ်ရေးတပ်များ (CDFs)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) ကိုဖွဲ့စည်းလာရကြသည်။ (PDFs)များ၊ (CDFs)များ၊ (EAOs)များအားလုံး၏ရည်ရွယ်ချက်မှာ မိမိတို့ကိုယ်တိုင်အား စစ်မြေပြင်သုံး လက်နက်ကြီးများဖြင့် တိုက်ခိုက်လာသည့်ရန်မှကာကွယ်ရန်၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်

ရာဇဝတ်မှုများအတွက် အပြစ်ရှိသည့် စစ်ကောင်စီတပ်သား၏ သတ်ဖြတ်ဖျက်ဆီးသည့်ရန်မှ ၄င်းတို့၏ ချစ်ရသောသောပြည်သူများ၊ ပြည်သူများ၏ အသက်အိုးအိမ်များ၊ ကျေးရွာများ၊ မြို့များအား ခုခံကာကွယ်ပေးရန်ဖြစ်ပါသည်။ ၄င်းတို့သည် အပြစ်မဲ့သည့် ရွာသားများ၊ မိသားစုဝင်များအား လူမျိုးတုန်းသတ်ဖြတ်နေသည့် စစ်ရာဇဝတ်သားများရန်မှ ရိုးရိုးလေး ကာကွယ်ခုခံပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသားများသည် အကြမ်းမဖက်အာဏာဖီဆန်မှု CDM လှုပ်ရှားမှုများ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများ၊ အခြားသောအာဏာဖီဆန်မှုများဖြင့် စစ်အာဏာရှင်အပေါ် ပြည်တွင်း၌ ကြီးမားသည့်အရေးယူမှုပြုလုပ်နေကြသည်။ စစ်အာဏာရှင်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများအား မဝယ်ယူရေးဆန္ဒပြမှုများပြုလုပ်ခြင်း၊ နိုင်ငံဝန်ထမ်းများမှလည်း စစ်အာဏာရှင်ခိုင်းစေသည့်အလုပ်များကို လုပ်ဆောင်ရန်ငြင်းပယ်ခြင်းများ ပြုလုပ်နေကြသည်။ ပြင်သစ်နိုင်ငံနှင့် အခြားသောနိုင်ငံများမှချမှတ်သည့် အရေးပိတ်ဆို့မှုများသည် မြန်မာပြည်သူများအား ထောက်ပံ့ပေးသည့်အကူအညီဖြစ်ပြီး၊ မြန်မာပြည်သူများ၏ ကြိုးစားအားထုတ်မှုဆန္ဒများအတွက် အထောက်အပံ့ဖြစ်စေပါသည်။ သို့သော်လည်း ပြင်သစ်နိုင်ငံမှ ပြည်သူများ၊ အစိုးရ၊ လွှတ်တော်နှင့် အခြားမဟာမိတ်များ နိုင်ငံတကာအသိုင်းအဝိုင်းထံမှ ပို၍ကြီးမားသည့် အကူအညီများသည် အရေးတကြီးလိုအပ်ပါသည်။

အာဆီယံမှ ဘုံသဘောတူညီချက် ၅ရပ်ထုတ်ပြန်ခဲ့သည်မှာ ၂လကြာပြီဖြစ်သော်လည်း မြေပြင်တွင် ထူးခြားမှုတစ်စုံတစ်ရာ မရှိသေးပါ။ ၇ဖြကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှတဆင့် နိုင်ငံပေါင်း ၁၁၉နိုင်ငံမှ ဆုံးဖြတ်ချက်ချမှတ်ပြီး မြန်မာပြည်ရှိစစ်အာဏာရှင်တို့ထံ တိကျပြတ်သားသည့်သတင်းစကား ကို ပါးလိုက်ကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (HRC)၊ ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း စသည်တို့မှ ၄င်းတို့၏အစည်းအဝေးများသို့ စစ်အာဏာရှင်တို့အား တက်ရောက်ခွင့်မပေးခဲ့ပေ။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ အာရှဖွံ့ဖြိုးရေးဘဏ် (AGD) တို့မှလည်း စစ်အာဏာရှင်နှင့် လက်တွဲဆောင်ရွက်မှုများကို ရပ်တန့်ခဲ့သည်။ သို့သော်လည်း မြန်မာစစ်အာဏာရှင်များမှ အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ရပ်၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များနှင့်အခြားအရေးယူမှုများကို လေးစားမှုမရှိကြောင်း ထပ်ခါတလဲလဲ ပြသနေသည်။

**ကျွန်ုပ်အနေဖြင့် ပြင်သစ်သမ္မတနိုင်ငံရှိပြည်သူများ၊ ပါလီမန်အမတ်များ၊ ပြင်သစ်အစိုးရနှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ၄င်း၏မဟာမိတ်များအား အဓိကကျအရေးကြီးသောအချက် သုံးချက် ကို တောင်းခံလိုပါသည်။**

အမျိုးသားညီညွတ်ရေးအစိုးရအား မြန်မာပြည်သူလူထုအတွက် ကိုယ်စားပြုသည့် တစ်ခုတည်းသော **တရားဝင်ကိုယ်စားလှယ်အဖြစ်** သတ်မှတ်ပေးပါ။ အမျိုးသားညီညွတ်ရေးအစိုးရသည် နို၀င်ဘာလ ဒီမိုကရေစီရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များဖြင့်ဖွဲ့စည်းထားပါသည်။ ကျွန်တော်တို့အား မြန်မာပြည်သူလူထုက တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုသကဲ့သို့ နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့်လည်း ကျွန်တော်တို့အား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုပြီး အတူတကွလက်တွဲ လုပ်ဆောင်ရန်မျှော်လင့်ပါသည်။ ပြည်သူလူထု၏ တခဲနက်ထောက်ခံ

မှုဖြင့် အမျိုးသားညီညွတ်ရေးအစိုးရပေါ်ပေါက်လာခြင်းသည် မြန်မာ့သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ပါသည်။ ကျွန်တော်တို့သည် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ဒီမိုကရေစီကို ယုံကြည်လက်ခံသော ပြင်သစ်သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ လွတ်လပ်သောနိုင်ငံများနှင့် နိုင်ငံခေါင်းဆောင်များထံမှ ထောက်ခံမှုများ၊ အသိအမှတ်ပြုမှုများ၊ ဆက်သွယ်မှုများနှင့် အတူတကွလက်တွဲပူးပေါင်းလုပ်ဆောင်မှုများကို လိုအပ်ပါသည်။ မြန်မာ့သမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဘုံရန်သူကို ဆန့်ကျင်ရန်အတွက် ပူးပေါင်းပါဝင်ကြခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် ရာစုနှစ်၏ အကြီးမားဆုံးသော အခွင့်အရေးကြီး တစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ဤအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး ကောက်ကျစ်ဆိုးညစ်သည့် တရားမဝင်သော စစ်အုပ်ချုပ်မှုကို အဆုံးသတ်ကာ ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်ကို တည်ထောင်ရမည်ဖြစ်သည်။

ကြီးထွားလာနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ကူညီဖြေရှင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်တော်တို့သည် ကူညီထောက်ပံ့မှုလိုအပ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ကူညီထောက်ပံ့မှုများကို လိုအပ်သည့်နေရာများနှင့် ယင်းသို့ပို့ဆောင်ရန်နည်းလမ်းများကို သိရှိပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ ကြီးထွားလာခြင်းသည် COVID-19 ရောဂါပျံ့နှံ့မှုနှင့် စစ်ရေးပဋိပက္ခများကြောင့်ဖြစ်ပြီး ကိုဗစ်ကာကွယ်ဆေးသည် လက်ရှိတွင် စစ်ကောင်စီလက်ထဲတွင်ရှိနေပြီး သူတို့နှင့်သူတို့၏မိသားစုကိုသာအရင်ဦးစားပေး ထိုးနှံကြသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကျရှုံးနေပြီဖြစ်ပြီး ပြည်သူသန်းပေါင်းများစွာသည် သောက်သုံးရေ၊ အစားအစာ၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ခိုလှုံရန်နေရာများနှင့် ဆေးဝါးများ ပြတ်လပ်နေ (သို့မဟုတ်) ပြတ်လပ်မည့်အန္တရာယ် နှင့် ရင်ဆိုင်နေရပါသည်။ ကျွန်တော်တို့သည် (၁) စားနပ်ရိက္ခာဖူလုံရေး (၂) ကျန်းမာရေး (၃) ခိုလှုံရန်နေရာနှင့် (၄) ပညာရေး ကဏ္ဍများတွင် အကူအညီများ အရေးတကြီး လိုအပ်လျက်ရှိပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်ကောင်စီ၏ ငွေကြေးစီးဆင်းမှုအား ပိတ်ဆို့အားပေးခြင်းဖြင့် ကူညီပါရန်မေတ္တာရပ်ခံအပ်ပါသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကျွန်တော်တို့နှင့်အတူ ရပ်တည်လျက် အရေးယူဒဏ်ခတ်မှုများ ပူးပေါင်းပြုလုပ်ပါက လူသတ်စစ်ကောင်စီလက်ထဲသို့ ငွေစီးဆင်းမှုများကို ဖြတ်တောက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ပြင်သစ်သမ္မတအစိုးရအား ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသော အများပြည်သူပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ မည်သည့်အဖွဲ့အစည်းကမျှ စစ်ကောင်စီအဖွဲ့၊ ၎င်း၏စီးပွားရေးမိတ်ဖက်များ၊ စစ်ခေါင်းဆောင်များနှင့်၎င်း တို့၏မိသားစုဝင် များအား ငွေကြေးလွှဲပြောင်းပေးအပ်မှုများ မပြုလုပ်ရန် ကျွန်တော်တို့အနေဖြင့် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ အကြီးမားဆုံး ဝင်ငွေအရင်းအမြစ်ဖြစ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို နိုင်ငံတကာအသိုင်းအဝိုင်းက ထိရောက်စွာ ဒဏ်ခတ်အရေးယူမှု မရှိသေးပါ။ ချိတ်ဆက်ဆောင်ရွက်သော ပစ်မှတ်ထားအရေးယူမှု နှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့အားဖြင့် စစ်အာဏာရှင်များထံသို့ ငွေစီးဆင်းမှုရပ်တန့်ရန် ကုမ္ပဏီများက ဥပဒေ

ကြောင်းအရလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ Total စွမ်းအင်ကုမ္ပဏီမှ စစ်အာဏာရှင်ထံသို့ ရန်ပုံငွေများကို ရပ်တန့်စေနိုင်မည့် အရေးယူပိတ်ဆို့မှုများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ပြင်သစ် အစိုးကို ကျွန်ုပ်တို့အသနားခံ တင်ပြပါသည်။ မြန်မာပြည်သူများကိုသတ်ဖြတ်ပြီး ပြည်သူများပိုင်ဆိုင်သည့် ကြွယ်ဝမှုများကို ဂုတ်သွေးစုပ် သုံးစွဲနေသော အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင်လုပ်ရပ်များကို ကျွန်တော်တို့ ဆက်လက်ခွင့်မပြုသင့်ပါ။ ထို့ကြောင့် ပြင်သစ်အစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာမှ စစ်လက်နက်များရောင်းချခြင်း စသည်များကို အရေးယူပိတ်ဆို့ခြင်းများ အပါအဝင် နည်းပညာပံ့ပိုးမှု ကိုပိတ်ဆို့ခြင်းနှင့် မြန်မာနိုင်ငံအထက်တွင် လေယာဉ် ဖြတ်ကျော်ပျံသန်းခွင့်မရှိသောနေရာများ သတ်မှတ်ပေးရန် တောင်းဆိုအပ်ပါသည်။ ဤလုပ်ရပ်များသည် ပြည်တွင်းစစ်နှင့် လူမျိုးတုံး သတ်ဖြတ်မှု ထပ်မံဖြစ်ပွားမှုကို တားဆီးရန်အလွန်အရေးပါသော ခြေလှမ်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူလူထုအတွက် ကင်ဆာရောဂါသဖွယ် ဖြစ်လာသော **စစ်အာဏာရှင် စနစ်နှင့် လူမျိုးတုံးသတ်ဖြတ်နေသော လက်ရှိစစ်တပ်ကို အပြီးတိုင် အမြစ်ပြတ်ချေမှုန်းပစ်**မှ သာလျှင် လွတ်လပ်ရေး၊ လူတိုင်းအတွက် လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ရှိလာမည် ဖြစ်သည်။ အရပ်သားအစိုးရက ဦးဆောင်ပြီး တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သော၊ မြန်မာပြည်သူလူထု တစ်ရပ်လုံးက ပိုင်ဆိုင်သော ပြည်သူ့တပ်မတော်ဖြင့် စစ်အာဏာရှင်တပ်ကို အစားထိုးမည်ဖြစ်သည်။ လူမျိုး၊ လိင်(ကျား၊မ)၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ နောက်ခံအကြောင်းအရာနှင့် ကိုးကွယ်ရာဘာသာမရွေး လူတိုင်း၏ အခွင့်အရေးကို သာတူညီမျှ လေးစား၊ ကာကွယ်၊ မြှင့်တင်သည့် လွတ်လပ်ခွင့်၊ လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ထူထောင်ရန်ဖြစ်သည်။ ဖက်ဒရယ်ပြည်နယ်များနှင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှစ်ရပ်စလုံးကို ပြည်သူများအတွက် ပြည်သူများကသာ ဖွဲ့စည်းသည့် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကို ကျွန်တော်တို့တည်ထောင်နေပါသည်။

အာဏာနှင့် သယံဇာတ အရင်းအမြစ် ခွဲဝေမှုတို့သည် တန်းတူညီမျှခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မူဝါဒများအပေါ် အခြေခံမှုရှိပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များသည်လည်း သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိကြမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်သင့် ပါဝင်ထိုက်သူများအားလုံးနှင့်အတူ၊ အားလုံးပါဝင်သည့်ပုံစံဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာပြည်သူက အနိုင်ရရှိပြီး၊ မြန်မာပြည်သူတို့ ပိုင်ဆိုင်မည့်၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံနှင့် လူထုဆန္ဒခံယူပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ဤတိုက်ပွဲနှင့် တော်လှန်ရေးသည် ကျွန်ုပ်တို့နိုင်ကိုနိုင်ရမည့်တိုက်ပွဲဖြစ်ပြီး ဘယ်တော့မှ နောက်ဆုတ်မည်မဟုတ်ပါ။ မြန်မာနိုင်ငံအား စစ်အာဏာရှင်စနစ်ဆိုး လက်အောက်မှ လွတ်မြောက်နိုင်ရန် ကြိုးပမ်းနေသည့် ကျွန်တော်တို့၏ တော်လှန်ရေးသည် မုချအောင်မြင်ပါမည်။ ဤတိုက်ပွဲ၏ အဆုံးတွင် အားလုံးအတွက် လွတ်လပ်မှု၊ ဖက်ဒရယ် ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို အာမခံသည့်နိုင်ငံ၊ ကမ္ဘာ့အသိုင်းအဝိုင်းတွင် တာဝန်သိသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ညီညွတ်သော ပြည်ထောင်စု မြန်မာနိုင်ငံ ပေါ်ထွက်လာပါမည်။ ဓမ္မနှင့် အဓမ္မအကြားမှ လွန်ဆွဲနေခြင်းဖြစ်သော်လည်း ဓမ္မတရားသာ အောင်ပွဲဆင်ပါလိမ့်မည်။

ယခုအကြိမ်သည် ငြိမ်းချမ်းရေးနှင့် အကြမ်းဖက်မှုအကြား၊ တည်ငြိမ်မှုနှင့် မတည်ငြိမ်မှုအကြား နောက်ဆုံးတိုက်ပွဲပင်ဖြစ်ပါသည်။ အဆုံးတွင် ငြိမ်းချမ်းရေး၊ သာယာဝပြောမှုနှင့် တည်ငြိမ်မှုတို့သာ အနိုင်ရပါလိမ့်မည်။ လွတ်မြောက်မှုနှင့် အာဏာရှင်အကြား၊ မျှတမှုနှင့် မမျှတမှုအကြား၊ ရှင်သန်ခြင်းနှင့် သေခြင်းအကြား၊ ဖက်ဒရယ်ဒီမိုကရေစီနှင့် စစ်အာဏာရှင်အကြား၊ ရက်စက်သော စစ်အာဏာရှင်နှင့် ငြိမ်းချမ်းသော မြန်မာပြည်သူပြည်သား ၅၄ သန်းတို့အကြားမှ တိုက်ပွဲသည် ကျွန်ုပ်တို့ လက်မလျှော့အရှုံးမပေးပါက အဆုံးတွင် အောင်ပွဲသာ ရရှိမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ အောင်နိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် အလင်းကို ရရှိမည်ဖြစ်ပြီး၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ တည်ငြိမ်မှု၊ လွတ်လပ်မှု၊ မျှတမှု၊ ဖက်ဒရယ်ဒီမိုကရေစီကို ရရှိကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ ၅၄ သန်းသော ပြည်သူတို့သည် အနိုင်ရရှိကြမည်ဖြစ်သည်။

**အားလုံးကို ကျေးဇူးတင်ပါသည်။**

**လေးစားစွာဖြင့်**

**ဒေါက်တာဆာဆာ**
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး
အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ
မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ပေါင်း